ရွှေကျင်နိကာယဗဟိုဌာန

၁၂၂၂ - ခုနှစ်

၁၂၈၅ - ခုနှစ်

မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး

# ရွှေကျင်ဂိုဏ်းအစဉ်အလာ
# သမိုင်း

၄





ပိုက်ကျုံးဆရာတော်
ရွှေကျင်နိကာယဗဟိုဌာန
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး

သာသနာ - ၂၅၆၆ ကောဇာ - ၁၃၈၃ ခရစ် - ၂၀၂၂

၂၇၈၇၉

# ရွှေကျင်ဂိုဏ်းအစဉ်အလာ သမိုင်း

ပိုက်ကျုံးဆရာတော်
ရွှေကျင်နိကာယ ဗဟိုဌာန
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး
၁၃၄၄-ခု၊ ပထမဝါဆိုလဆန်း(၁၀)ရက်
(၈၂-၄၆ ၃၀)

# ရွှေကျင်ဂိုဏ်းအစဉ်အလာ သမိုင်း

ရွှေကျင်ဂိုဏ်းကြီးကို အများဂိုဏ်းနှင့်မတူထူးခြား ဂိုဏ်းသီး ဂိုဏ်းခြားအဖြစ် စတင်တည်ထောင်တော်မူသော ဂဏာသမုဒ္ဒါပက ပထမရွှေကျင်ဆရာတော်ဘုရား ကြီးသည်-

**'တတြ ဘိက္ခဝေ၊ ယွာယံ ပုဂ္ဂလော အတ္တဟိတာယ စေဝ ပဋိပန္နော ပရဟိတာယ စ ၊ အယံ ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဂ္ဂေါ စ သေဋ္ဌော စ ပါမောက္ခော စ ဥတ္တမော စ ပဝရော စ '။**

ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်(အံ၊၁။၄၀၈)အရ စတုတ္ထမြောက်ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ ကိုယ်တော်မြတ် တစ်ပါးတည်း သီလ, သမာဓိ, ပညာပြည့်စုံရုံမျှဖြင့်

အားရတင်းတိမ် ရောင့်ရဲတော်မမူနိုင်ပဲ ကိုယ်တော်မြတ်အား ယုံကြည်ကိုးစား အားထားကြည်ညို မှီခိုလာကြသော တပည့်ပရိသတ်တို့အားလည်း-

"အတ္တနာ စ သီလသမ္ပန္နော၊
သီလသမ္ပဒါကထဥ္စ ဘိက္ခူနံ ကတ္တာ"

-အစရှိသော ဒေသနာတော်(မ၊၁။၁၉၉)နှင့် အညီ ဂိုဏ်း စည်းမျဉ်း ဥပဒေအဝဝတို့ဖြင့် အဆုံးအမ ဩဝါဒပေး ယဉ်ကျေးသိမ်မွေ့ တရားပြည့်ညောင်း ရဟန်းသာမဏေကောင်းများဖြစ်ကြစေလျက် ပစ္စုပ္ပန် တစ်ဘဝရေးကို မလေးစား၊ ဘုရားရှင် သာသနာ တော်မြတ်ကြီး သန့်ရှင်းစင်ကြယ်၍ တည်တံ့ခိုင်မြဲ တိုးတက်စည်ကား ကြီးပွားမှုကိုသာ အရေးထားပြီးလျှင် တပည့် ပရိသတ်တို့အား အုတ်အရောရော ကျောက် အနှောနှော အညသမာန်းသဘော မဖြစ်စေပဲ တင်း တင်းကြပ်ကြပ် မပြုတ်ထိန်းသိမ်း စောင့်ရှောက်၍ ဘုရင်ကိုယ်တိုင် သာသနာပိုင်အဖြစ်ကို တင်မြှောက် ခြင်းခံရသဖြင့် အာဏာတော်တင်း အမိန့်သံပြင်းလှ သော သုဓမ္မာသာသနာပိုင် လက်အောက်သို့ မကျ မရောက်ရလေအောင် ရဲရဲတောက်သတ္တိဖြင့် အခက် အခဲအမျိုးမျိုးတို့ကို ကျော်နင်းလျက်-

"ရွှေကျင်ဆရာတော်ကို သာသနာပိုင်မှုစ၍ မည်သည့်ပုဂ္ဂိုလ် တဦးတစ်ယောက်မျှ အဆင့်အခေါ်၊ အစစ် အဆေး အမေးအမြန်း မရှိစေရ၊ သူ့စိတ်တိုင်းကျသလို လွတ်လပ်စွာ သာသနာပြုနိုင်စေရမည်"

ဟု မင်းတုန်းမင်းဘုရင်ကြီး ကိုယ်တိုင် ဂိုဏ်းသီး ဂိုဏ်းခြား ခွဲထားသတ်မှတ် အမိန့်ချအပ်သော ဘုရင် အကူအညီဖြင့်ပင်လျှင် "**အင်ကြင်းခက်ကျိုး၊ ရွှေကျင် ဂိုဏ်း**"ဟူသော ဥဒါန်းစဉ်အရ ၁၂၂၂-ခုနှစ်မှစ၍ ဤရွှေကျင် ဂိုဏ်းကြီးကို အများဂိုဏ်းနှင့် မတူထူးခြား ဂိုဏ်းသီးဂိုဏ်းခြားအဖြစ် တည်ထောင်တော်မူခဲ့လေ သည်။

ဤကဲ့သို့ ရွှေကျင်ဂိုဏ်းဆရာတော်ဘုရားကြီးက ဘုရင်မင်း ၏ အာဏာစက် အကူအညီဖြင့် ဂိုဏ်းသီး ဂိုဏ်းခြား တည်ထောင်၍ ရွှေကျင်ဂိုဏ်းပေါ်ထွန်းလာ သောအခါ ရွှေကျင်ဆရာတော်ဘုရားကြီးကဲ့သို့ လဇ္ဇီ ပေသလ သိက္ခာကာမ ဝိနယဂရုက သံသာရဘီရုတ ဖြစ်တော်မူကြသော ကြီး၊ လတ်၊ ငယ်ရွယ် အသွယ်သွယ် သော ဆရာတော်သံဃာတော်အများအပြားတို့သည် လည်း-

"မာတုသောဝ ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ၊ သေယျထာပိ ဘိက္ခဝေ ခီရံ ခီရေန သံသန္ဒတိ သမေတိ"

-ဟူသော သံယုတ်ပါဠိတော်(သံ၊ ၁။ ၃၇၀)နှင့် အညီ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒကို ခံယူကာ ရွှေကျင်ဂိုဏ်း စည်းမျဉ်းဥပဒေနှင့် အညီ ကျင့်သုံးနေထိုင်ကြသော သီလဝန်, ဂုဏဝန်, ပညဝန် ထူးချွန်မြင့်မြတ်သည့် ရွှေကျင်ဂိုဏ်းသား ဆရာတော် သံဃာတော်များသည် ထက်အောက် မြန်မာနိုင်ငံတော် အနှံ့အပြား သီဟိုဠ်၊ ယိုးဒယား နိုင်ငံ ရပ်ခြား တိုင်းတပါးသို့တိုင်အောင် အလွန့်အလွန် များ ပြားစည်ကား ကြီးပွားပွင့်လင်းခဲ့လေသည်။

ယင်းကဲ့သို့ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀-ကျော် ရွှေကျင် ဆရာတော်ဘုရားကြီး လက်ထက်တော်မှစ၍ ယနေ့ကျအောင် ဂိုဏ်းတစ်ပါးတို့နှင့် မရောမယှက် ဂိုဏ်းသီးဂိုဏ်းခြားအဖြစ်ဖြင့် တိုးတက်စည်ကားကြီးပွား ခိုင်မြဲလျက်ရှိသော ဤရွှေကျင်ဂိုဏ်းကြီးသည် မြန်မာ ဘုရင်များ မရှိသည့်နောက်ပိုင်းတွင် အင်္ဂလိပ်ခေတ်၊ ဝံသာနုခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်၊ တော် လှန်ရေးခေတ်ဟု ခေတ်အမျိုးမျိုး အခက်အခဲအမျိုးမျိုး တို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြေားသော်လည်း-

၁။ ဂိုဏ်းမိ၊ ဂိုဏ်းဖ၊ ဂဏာဓိပတိ၊ ဂဏာဉုးစီး၊ ဂဏာဉုးဆောင်၊ ဂိုဏ်းတော်စောင့် ဆရာတော်ဘုရားကြီးများနှင့် ရွှေကျင်နိကာယ ဉက္ကဋ္ဌမဟာနာယက ဆရာတော်ဘုရားကြီးများက ရွှေကျင်ဂိုဏ်းသားတို့ ခေတ်သဘောသို့ နစ်မျောလျက် ဂိုဏ်းတစ်ပါးတို့နှင့် အရောရော အနှောနှောဖြစ်ကာ ဂိုဏ်းသိက္ခာကျဆင်း ဂိုဏ်းစည်းမျဉ်း ပျက်မည့်အရေးကို မြော်တွေးဆင်ခြင် ဉာဏ်အမြင်ပေါက်ကြသဖြင့် ဂိုဏ်းတစ်ပါးတို့နှင့် အရောရော အနှောနှော မဖြစ်ရလေအောင် တားဆီးဆို့ပိတ် စီမံကိန်းလုပ် ကြိုတင်အမိန့်ထုတ်လျက် အုပ်ချုပ်စောင့်ရှောက် ထိန်းသိမ်းတော်မူသောကြောင့်လည်းကောင်း၊

၂။ ရွှေကျင်ဂိုဏ်းအတွင်း မှီတင်းနေထိုင်ကြသော ရွှေကျင်ဂိုဏ်းသားတို့ လိုက်နာကျင့်သုံး၍ ရဟန်း သာမဏေကောင်းများဖြစ်ကြစေရန် ရည်သန်ချက်ဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးတို့ စီမံရေးသား ပြဋ္ဌာန်းထားအပ်သော ရွှေကျင် ဂိုဏ်းစည်းမျဉ်းဉပဒေတော်များသည် သာသနာတော် ယဉ်ကျေးမှုနှင့်ပတ်သက်၍ အဖက်ဖက်မှ

မလိုရအောင် ပြည့်စုံလုံလောက် ဂုဏ်မြောက်တော်မူသောကြောင့်လည်းကောင်း၊

၃။ ရွှေကျင်ဂိုဏ်းအတွင်း မှီတင်းနေထိုင်ကြသော ကြီး၊ လတ်၊ ငယ်ရွယ် အသွယ်သွယ်သော ရွှေကျင်ဂိုဏ်းသား သံဃာတော် အများအပြားသည် ရွှေကျင်ဂိုဏ်း စည်းမျဉ်း ဥပဒေတော်များကို အသက်အသွင် ချစ်ခင်လေးစားအရေးထားလျက် အထက်ထက်သော ဆရာသမားတို့၏ အဆုံးအမ ဩဝါဒစကားကို ကျင့်သုံးလိုက်နာ သောဝစသဃတာမင်္ဂလာဂုဏ်နှင့်ပြည့်စုံသောကြောင့်လည်းကောင်း၊

နှစ်ပေါင်း ၁၂၀-ကျော် မယိမ်းမယိုင် မြဲခိုင်ကြံ့ကြံ့အရှည်ခန့်၍ တည်တံ့တိုးတက်လျက်ရှိသည်။ ဂိုဏ်းစည်းမျဉ်းကို ဆုပ်ကိုင်ထား တစ်ရွေးသားမျှ အလျှော့မပေး ရွှေကျင်ဂိုဏ်း တည်တံ့ခိုင်မြဲရေးကိုသာ အလေးထားလျက် ဂိုဏ်းတစ်ပါးတို့နှင့် မရောမယှက် ဂိုဏ်းသီးဂိုဏ်းခြားအဖြစ်ဖြင့်သာ ခေတ်အမျိုးမျိုးကို ကျော်လွန်တည်ရှိနိုင်ခဲ့သော ဤရွှေကျင်ဂိုဏ်းကြီးသည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရ (ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန) သာသနာ

တော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးခေတ်၌လည်း ဂိုဏ်းစည်းမျဉ်းကို ဆုပ်ကိုင်ထား တစ်ရွေးသားမျှ အလျှော့မပေး မိမိဂိုဏ်းစည်းမျဉ်းနှင့်ညီမှသာ ပါဝင်ဆောင်ရွက်ရန် ရည်သန်လျက်ရှိသည်။

## သာသနာတော်သန့်ရှင်း
## တည်တံ့ပြန့်ပွားရေးခေတ်

၁၃၄၁-ခု၊ နတ်တော်လပြည့်ကျော်(၁၄)ရက် ၊ ၁၉၇၉-ခု၊ ဒီဇင်ဘာ (၁၇)ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အလယ်တိုက်ကြီး အထက်ထပ် ဘုရားခန်းမဆောင်ဝယ် ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယကဆရာတော်ဘုရားကြီး၊ စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၊ ဝိသုဒ္ဓါရုံ ပိုက်ကျုံး ဆရာတော်တို့ ဦးဆောင်သော ဝိသုဒ္ဓါရုံဂဏဝါစက အဖွဲ့နှင့် မန္တလေးလက်လှမ်းမီသမျှ စစ်ကိုင်း၊ အမရပူရ၊ မင်းကွန်း၊ မေမြို့ မြို့နယ်ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင် ဆရာတော်များ အစည်းအဝေး၌ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဦးစိန်လွင်က-

"ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ လာမည့် ၁၃၄၂-ခု၊ နယုန်လဆန်း(၁၂၊ ၁၃၊ ၁၄)ရက်များတွင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီး ကျင်းပရန် စီစဉ်ထားပါသည်။

ယင်းအစည်းအဝေးပွဲကြီး ထမြောက်အောင်မြင်ရေး အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် သုဓမ္မာဂိုဏ်းမှ၅၈-ပါး၊ ရွှေကျင်ဂိုဏ်းမှ ၅-ပါး၊ မဟာဒွါရဂိုဏ်းမှ ၂-ပါး၊ မူလဒွါရ ဂိုဏ်းမှ ၁-ပါး၊ ပေါင်း(၆၆)ပါးတို့ဖြင့် "သံဃာ့ဝန်ဆောင်အဖွဲ့ " ဖွဲ့စည်းရန် သတ်မှတ်ထားပါသည်။

ယင်းသတ်မှတ်ချက်အရ ရွှေကျင်ဂိုဏ်းမှ သံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော် ၅-ပါးကို ဆရာတော်ကြီးများ၏ ဆန္ဒတော်အတိုင်း သင့်လျော်သောနည်းဖြင့်ဓမ္မဝိနယနှင့်အညီ ရွေးချယ်ဆောင်ရွက်တော်မူပါဘုရား" ဟုလျှောက်ထားသည်။

ရွှေကျင်ဂိုဏ်း၌ အများသဘောတူ ဆန္ဒယူရန်မလိုတော့ပဲ အထက်ထက်သော ဥက္ကဋ္ဌမဟာနာယကဆရာတော်ကြီးများ၏ ဆန္ဒတော်အတိုင်းသာ ဖြစ်ကြရသော အစဉ်အလာရှိသောကြောင့် ဆရာတော်ကြီးများ၏ ဆန္ဒတော်အတိုင်း သင့်လျော်သောနည်းလမ်းဖြင့် ဓမ္မဝိနယနှင့်အညီ-

၁။ ပိုက်ကျုံးဆရာတော်
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။

၂။ ဗာရာဏသီဆရာတော်
ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့။

၃။ ရွှေဟသ်ာဆရာတော်
ရွှေဟသ်ာတောရ၊ ညောင်တုန်းမြို့။

၄။ ညောင်ရွှေဆရာတော်
ကန်ကြီးပရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့။

၅။ ပထမဂန္ဓာရုံဆရာတော်
ပထမဂန္ဓာရုံစာသင်တိုက်၊ စစ်ကိုင်းမြို့။

ဤစာရင်းပါ ဆရာတော် ၅-ပါးတို့ကို ရွှေကျင်ဂိုဏ်းကြီး၏၊ သံဃာ့ဝန်ဆောင် ကိုယ်စားလှယ်အဲဖြစ် ရွေးချယ်၍ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသို့ စာရင်းပေးခဲ့သည်။ ပြည်ထဲရေး နှင့် သာသနာရေး ဝန်ကြီးဌာနမှ-

"၁၃၄၁-ခု၊ တပို့တွဲလပြည့်ကျော်(၁)ရက် (၁၊ ၂၊ ၈၀)နေ့၌ အစည်းအဝေး စတင်ကျင်းပမည်ဖြစ်ပါ၍ ၁၃၄၁-ခု၊ တပို့တွဲလဆန်း၁၄-ရက်(၃၀-၁-၈၀)နေ့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင် အရောက်ကြွရောက်တော်မူပါ" ဟူသောလျှောက်ထားချက်အရ-

၁၃၄၁-ခု၊တပို့တွဲလဆန်း(၁၄)ရက် (၃၀-၁-၈၀)နေ့ ညနေပိုင်း၌ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင် အလယ်ထပ်သို့ ရွှေကျင်ဂိုဏ်း သံဃာ့ဝန်ဆောင် ကိုယ်စားလှယ်ဆရာတော်များ ရောက်ကြသည်။

ရောက်၍ မကြာသေးမီကာလ အတွင်းမှာပင် ကြို့တင်၍ ရောက်ရှိတော်မူကြသော အများဂိုဏ်းမှ ဆရာတော်များသည် စိတ်ကူးအမျိုးမျိုးဖြင့် ကြို့တင်၍ မိမိတို့သဘောကျ ရေးသားထားသော စာအုပ်၊ စာရွက်၊ စာတန်းတို့ကို ဝေငှကြသည်။ ရှေ့သို့ တစ်ဆင့်တက်ပြီး ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီးနှင့် ပတ်သက်၍ စည်းမျဉ်းဥပဒေများရေးသားရန် အဖွဲ့ ၄ ဖွဲ့ကို ဖွဲ့ထားပါသည်။ ကြိုက်နှစ်သက်ရာအဖွဲ့၌ ပါဝင်ဆောင်ရွက်ပါဟု လျှောက်ထားကြသည်။

ရွှေကျင်ဂိုဏ်းသားများ လိုက်နာကျင့်သုံးကြရန် ရွှေကျင်ဆရာတော်ဘုရားကြီး၊ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးတို့နှင့် နှစ်ပေါင်း-၁၂၀ကျော်က စီမံရေးသား ပြဋ္ဌာန်း၍ထားခဲ့သော ရွှေကျင်ဂိုဏ်းစည်းမျဉ်းဥပဒေတော်များသည် သာသနာယဉ်ကျေးမှုနှင့် ပတ်သက်၍ အဖက်ဖက်မှ မလိုရအောင် ပြည့်စုံလုံလောက်ဂုဏ်မြောက်ပြီးဖြစ်၍ ရွှေကျင်ဂိုဏ်းအတွက် စည်းမျဉ်းဥပဒေအသစ် နောက်ထပ်ရေးသားရန် မလိုပါ။

အရှင်ဘုရားတို့ ကြိုက်သလို ဥပဒေရေးဆွဲတော်မူကြပါ၊ အရှင်ဘုရားတို့ ရေးဆွဲသော ဥပဒေကို တပည့်တော်တို့ ရွှေကျင်ဂိုဏ်းအနေနှင့် ထောက်ခံဘို့လည်း မဟုတ်ပါ၊ ထောက်လည်း မထောက်ခံပါ၊

ကန့်ကွက်ဘို့လည်း မဟုတ်ပါ၊ ကန့်လည်း မကန့်ကွက်ပါ၊ အရှင်ဘုရားတို့နှင့် သဘောတူ ဥပဒေရေးဆွဲပြီး တသဘောတည်းဖြစ်ရန် မဟုတ်ပါ။

ယခုဤဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ ရွှေကျင်ဂိုဏ်း ကိုယ်စားလှယ်များ ကြွရောက်တော်မူလာခြင်းသည် ကာယသာမဂ္ဂီအတွက် ကြွရောက်ခြင်းသာဖြစ်သည်။

သို့ဖြစ်သောကြောင့် ဥပဒေရေးဆွဲရန် မည်သည့်အဖွဲ့၌မျှ ရွှေကျင်ဂိုဏ်းက မပါဝင်နိုင်ကြောင်း ပိုက်ကျုံးဆရာတော်က အဖြေပေးသည်။

အဖွဲ့တိုင်း၌ မပါဝင်နိုင်လျှင် တဖွဲ့ဖွဲ့၌ ပါဝင်ဆောင်ရွက်ပါ ဟု ထပ်မံလျှောက်ထားသည်။

ပိုက်ကျုံးဆရာတော်က မည်သည့်အဖွဲ့တွင်မျှ မပါဝင်နိုင်ကြောင်း နောက်ထပ်အဖြေပေးလိုက်သည်။

၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်(၃၁-၁-၈၀)နေ့ နံနက်၌လည်း ရှေးနည်းအတိုင်း အဖွဲ့များ၌ ပါဝင်ဆောင်ရွက်ရန် ထပ်မံလျှောက်ထားကြပြန်ရာ ယင်းလျှောက်ထားချက်ကိုလည်း မပါဝင်နိုင်ကြောင်း ရှေးနည်းအတိုင်းပင် အဖြေပေးလိုက်သည်။

ယင်းသို့ အဖြေပေးခြင်းကို ရွှေကျင်ဂိုဏ်းဝ၊ ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီးကို သပိတ်မှောက်

သည်ဟု မမှန်သတင်းများ ကမ္ဘာအေးကုန်းမြေ ပတ်ဝန်းကျင်အတွင်း တခဏချင်း ပြန့်နှံ့သွားသည်။

ထိုမမှန်သတင်း ပြန့်နှံ့သွားခြင်းကို အကြောင်းပြု၍ ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်(၃၁-၁-၈၀)နေ့ ညနေ ၅နာရီ အချိန်တွင် ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်နှင့် ဗိုလ်ကြီး တေဇဝန်တို့ ပိုက်ကျုံးဆရာတော် အခန်းသို့ လာ၍ "ရွှေကျင်၊ ဒွါရကိုယ်စားလှယ်များ အစုံအညီ ရှေ့မှောက်၌ ရွှေကျင်ဂိုဏ်းက ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးကို သပိတ်မှောက်သည်"ဟု အပြင်၌ သတင်းဖြစ်နေကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်က လျှောက်ထားသည်။

"ရွှေကျင်ဂိုဏ်းက အစည်းအဝေးကြီးကို သပိတ်မမှောက် ပါ။ သပိတ်မမှောက်သောကြောင့် ဤဇမ္ဗူဒီပ ကျောင်းဆောင်သို့ ကြွရောက်လာခြင်းဖြစ်သည်၊ သို့သော်လည်း ရွှေကျင်ဂိုဏ်းမှာ ရှေးအထက်ကျော် ကာလက စီမံရေးသားပြဌာန်းထားသော ရွှေကျင်ဂိုဏ်း စည်းမျဉ်းဥပဒေများ ပြည့်စုံလုံလောက် ဂုဏ်မြောက်ပြီးဖြစ်၍ ရွှေကျင်ဂိုဏ်းအတွက် အသစ်နောက်ထပ် စည်းမျဉ်း ဥပဒေရေးသားရန်မလိုသဖြင့် အများဂိုဏ်း ပုဂ္ဂိုလ်တို့ အများဂိုဏ်းအတွက် ရေးသားလတ္တံ့သော စည်းမျဉ်းဥပဒေသည် အများဂိုဏ်းနှင့်သာ သက်ဆိုင်၍

ရွှေကျင်ဂိုဏ်းနှင့် မသက်ဆိုင်သောကြောင့် စည်းမျဉ်း ဥပဒေရေးဆွဲသောအဖွဲ့၌ ရွှေကျင်ဂိုဏ်းက ပါဝင်ရန် မလိုကြောင်း” ပိုက်ကျိုးဆရာတော်က မိန့်ကြားသည်။

“အများဂိုဏ်းပုဂ္ဂိုလ်တို့နှင့် တွဲဖက်ပြီး အလုပ် လုပ်ရန် မဖြစ်နိုင်ပါ။ ဤအစည်းအဝေးပွဲကြီးကို ဘုန်းကြီး တွေက လုပ်တာလား၊ နိုင်ငံတော်အစိုးရက လုပ်တာ လား” ဟု ဟာရာဏသီဆရာတော်က ကြားဖြတ်၍ မေး သည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဗိုလ်ကြီးတေဇဝန်တို့က “ဘုန်းကြီး တွေက လုပ်သော အစည်းအဝေးမဟုတ်ပါ။ နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်သော အစည်းအဝေး ကြီးဖြစ်ပါသည်” ဟု လျှောက်ထားကြသည်။

“ နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်သော အစည်းအဝေးကြီးဖြစ်လျှင် ညီညွတ်ရေးကို ရှေးရှုလျက် ရွှေကျင်ဂိုဏ်း စည်းမျဉ်းဥပဒေနှင့် မဆန့်ကျင်သော ကိစ္စများတွင် ပါဝင်ဆောင်ရွက်မည်” ဟု ဟာရာဏသီ ဆရာတော်က မိန့်ကြားသည်။

“ဤသဘောမျိုးဆိုပါလျှင် တပည့်တော်တို့ ကျေနပ် စိတ်အေးပါပြီ၊ ဆရာတော်တို့ ဂိုဏ်းစည်းမျဉ်းကို အနည်းငယ်မျှ မထိခိုက်စေရပါ။ ဂိုဏ်းစည်းမျဉ်းကို ထိခိုက်၍ နစ်နာသောအချက်များ တွေ့ရှိခဲ့လျှင် တပည့်

တော်များအား အမိန့်ရှိတော်မူပါ" ဟု ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့် နှင့် ဗိုလ်ကြီးတေဇဝန်တို့က ဝန်ခံလျှောက်ထားကြသည်။

ဤသို့ ဝန်ခံလျှောက်ထားကြသဖြင့် နိုင်ငံတော်အစိုးရတို့ ရည်ရွယ်ချက် ထမြောက်အောင်မြင်စေရန် ညီညွတ်ရေးကို ရှေးရှုလျှက်-

၁။ ပိုက်ကျုံးဆရာတော်က
သံဃာ့ဝန်ဆောင်(၄၆)ပါးအဖွဲ့၏ဒုတိယဥက္ကဋ္ဌ၊

၂။ ဗာရာဏသီဆရာတော်က မဟာနာယက၊

၃။ ညောင်တုန်းရွှေဟင်္သာဆရာတော်က
ဥပဒေရေးဆွဲရေး(က)အဖွဲ့၏ ဥက္ကဋ္ဌ၊

၄။ ညောင်ရွှေဆရာတော်က
ဥပဒေရေးဆွဲရေး(က)အဖွဲ့၏ အဖွဲ့ဝင်၊

၅။ ပထမဂန္ဓာရုံဆရာတော်က
သာသနာဝင်မှတ်တမ်း စီစဉ်ရေး (ဂ)အဖွဲ့ငယ်၏ အဖွဲ့ဝင်အဖြစ် တာဝန်ဝတ္တရာများကို လက်ခံခဲ့ကြသည်။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဦးစိန်လွင်သည် ရွှေကျင်ဂိုဏ်းသံဃာ့ဝန်ဆောင်ဆရာတော်တို့၏ ဖြူစင်ဖြောင့်မတ်သော

သဘောထားကို သိရှိနားလည်သဘောပေါက်သဖြင့် ၁၃၄၂-ခုနှစ် နယုန်လအတွင်း ကျင်းပလတ်သော ဂိုဏ်းပေါင်းစုံ (သံဃာ့ညီညွတ်ရေး) အစည်းအဝေးကြီးထမြောက် အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ရှေ့တော်ပြေး သံဃာ့ဝန်ဆောင်(၆၆-ပါး)အဖွဲ့အစည်းအဝေးကို ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁)ရက်(၁-၂-၈၀)နေ့မှစ၍ ဆရာတော် သံဃာတော်များ၏ သဘောတူခွင့်ပြုချက်ကို လျှောက်ထားတောင်းယူကာ ကျင်းပပြုလုပ်လေသည်။

ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို "(က)အဖွဲ့၊ (ခ)အဖွဲ့၊ (ဂ)အဖွဲ့ ၊(ဃ)အဖွဲ့"ဟု အဖွဲ့ငယ် ၄ ဖွဲ့ ဖွဲ့စည်းစေလျက် ယင်း အဖွဲ့ငယ်တို့က ၆၆ပါးအဖွဲ့ကြီး ကိုယ်စားပြုလုပ်ဆောင်ရွက် ရလေသည်။ ယင်းသို့ ဆောင်ရွက်ရာ၌ ရွှေကျင်ဂိုဏ်း ကိုယ်စားလှယ် ၅ပါး၊ မဟာဒွါရကိုယ်စားလှယ် ၂ပါး၊ မူလဒွါရ ကိုယ်စားလှယ် ၁ပါး ပေါင်း (၈)ပါးတို့က မော်ဘီမူ အပိုဒ် ၅၀ အတိုင်းရမှလက်ခံရန် အပိုဒ်၅၀အတိုင်း မရလျှင် လက်မခံရန် ဟု သဘောတူ ဆုံးဖြတ်ချက်ချထားကြသည်။

## (မှော်ဘီမူ) ၁၃၂၆-ခု
## အစည်းအဝေးဆုံးဖြတ်ချက်

၅၀။ (က) ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်းတို့မှာ ရှေးအထက်ထက်ကပင် တည်ရှိလာခဲ့သော သီးခြားဂိုဏ်းများ ဖြစ်သောကြောင့် ဖွဲ့စည်းအုပ်ချုပ်ရာ၌ ဂိုဏ်းဝင် သံဃာတော်တို့၏ အလိုအတိုင်းသာ ဖြစ်စေရမည်၊ ဝိနိစ္ဆယကိစ္စမှာလည်း ပဓာနဖြစ်ကုန်သောဆရာတော်တို့၏ အဆုံးအဖြတ်ဖြင့်သာ အပြီးအပြတ်ဖြစ်စေရမည်။

(ခ) သုဓမ္မာဂိုဏ်းမှ ဖြစ်စေ၊ ရွှေကျင်ဂိုဏ်းမှ ဖြစ်စေ၊ ဒွါရဂိုဏ်းမှဖြစ်စေ ကြဉ်ဖယ်ထားအပ်သော ပုဂ္ဂိုလ်များကို မည်သည့် ဂိုဏ်းကမျှ လက်ခံ ပေါင်းသင်းခြင်း မဖြစ်စေရ။

(ဂ) ဂိုဏ်းချင်းမတူသော စောဒက စုဒိတက ဖြစ်ခဲ့လျှင် မိမိတို့ဆိုင်ရာ အနုဝိဇ္ဇက

တစ်ပါးစီနှင့် ထိုအနုဝိဇ္ဇကပုဂ္ဂိုလ်နှစ်ပါး၏ သဘောတူရာ (မည်သည့်ဂိုဏ်းမှမဆို) အနုဝိဇ္ဇကပုဂ္ဂိုလ်တစ်ပါးကို ပင့်၍ အပြီးအပြတ် ဆုံးဖြတ်ရမည်။

(ဃ) ထိုအနုဝိဇ္ဇကပုဂ္ဂိုလ်နှစ်ပါး၏ သဘောတူသော အနုဝိဇ္ဇကပုဂ္ဂိုလ်ကို မရနိုင်ခဲ့သော် မိမိတို့ အသီးအသီးညွှန်ကြားအပ်သော ပုဂ္ဂိုလ်နှစ်ပါးတွင် စာရေးတံကျရာ ပုဂ္ဂိုလ်တစ်ပါးကို ပင့်၍ အပြီးအပြတ် ဆုံးဖြတ်ရမည်။

၁၃၄၁-ခု၊ တံပိုတွဲလပြည့်ကျော်(၉)ရက်(၉-၂-၈၀)နေ့ နံနက်ပိုင်းတွင် (က)အဖွဲ့ငယ် အစည်းအဝေးက မော်ဘီမူအပိုဒ် ၅၀ ကို ဆန့်ကျင်သော စည်းမျဉ်းကို ရေးသားလိုက်သည်။

## မော်ဘီမူအပိုဒ် ၅၀ ကို ဆန့်ကျင်ရေးသားသော စည်းမျဉ်း

၅၀။ (က) သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်းစသော ဂိုဏ်းတို့မှာ ရှေးအထက်ကပင်

တည်ရှိလာခဲ့ကြ၍ သီးခြားဂိုဏ်းများ အဖြစ် ဖွဲ့စည်းခွင့် ရှိကြသည်။ သို့ရာတွင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရာ၌ တူညီစေရမည်။

(ခ) ဝိနိစ္ဆယကိစ္စများ ပေါ်ပေါက်လာသည့်အခါ ဤသံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ သဘောတူရာဖွဲ့စည်းထားသည့် ဝိနည်းမှုခိုရ်၏ အဆုံးအဖြတ်သာ အပြီးသတ်ဖြစ်စေရမည်။

(ဂ) သုဓမ္မာဂိုဏ်းမှ ဖြစ်စေ၊ ရွှေကျင်ဂိုဏ်းမှ ဖြစ်စေ၊ ဒွါရဂိုဏ်း စသည်မှဖြစ်စေကြဉ် ဖယ်ထားအပ်သော ပုဂ္ဂိုလ်များကို မည်သည့်ဂိုဏ်းကမျှ လက်ခံ ပေါင်းသင်းခြင်း မပြုစေရ။

(ဃ) ဂိုဏ်းချင်းမတူသော ဓောဒက စုဒိတက ဖြစ်ခဲ့ပါလျှင် မိမိတို့ဆိုင်ရာ ဂိုဏ်းဝင် အနုဝိဇ္ဇကပုဂ္ဂိုလ် တစ်ပါးစီနှင့် ထို အနုဝိဇ္ဇက ပုဂ္ဂိုလ်နှစ်ပါး၏ သဘော

တူရာ (မည်သည့်ဂိုဏ်းမှ မဆို) အနုဝိဇ္ဇကတစ်ပါးကို ပင့်၍ အပြီး အပြတ်ဆုံးဖြစ်ရမည်။

(င) ထိုအနုဝိဇ္ဇကပုဂ္ဂိုလ်နှစ်ပါး၏ သဘောတူသော အနုဝိဇ္ဇကပုဂ္ဂိုလ်ကို မရနိုင်ခဲ့သော် မိမိတို့ အသီးသီးညွှန်ကြား အပ်သော ပုဂ္ဂိုလ်နှစ်ပါးတို့တွင် စာရေးတံကျရာ အနုဝိဇ္ဇကပုဂ္ဂိုလ် တစ်ပါးကို ပင့်၍ အပြီးအပြတ် ဆုံးဖြတ်ရမည်။

မော်ဘီမူအပိုဒ် ၅၀ကို ဆန့်ကျင်လျက် (က)အဖွဲ့ငယ် ရေးသားသော စည်းမျဉ်းကို ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်းဝင် အပေါင်းတို့က ကန့်ကွက်ကြသည်။ ယင်းသို့ကန့်ကွက်ကြောင်းကို ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်း ကိုယ်စားလှယ်တို့က အောက်ပါအတိုင်း ဂိုဏ်းပေါင်းခုံ သံဃာ့ဝန်ဆောင် ဆရာတော် (၆၆)ပါးတို့အား လျှောက်ထားခဲ့ကြသည်။

မြတ်စွာဘုရား၏ ဝိနည်းတော်သည် (နိပ္ပရိယာယမုချ) အားဖြင့် တစ်မျိုးတစ်စား တစ်ပါးတည်းပင် ဖြစ်ပါသည်။ ထိုဝိနည်းမှာ **"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ"** ဟူသော

ပါဠိတော်၌ သတိပဋ္ဌာန်လမ်းကို နိဗ္ဗာန် ရောက်ကြောင်း တစ်ကြောင်းတည်းဖြစ်သောလမ်းဖြစ်သဖြင့် (ဧကာယနမဂ္ဂ)ဟု ဟောတော်မူသည့်ပမာ သီလဝိသုဒ္ဓိသို့ ရောက်ကြောင်းလမ်းဖြစ်သဖြင့်(မဂ္ဂ)ဟုပင် ဆိုသင့်ပါသည်။

ယင်းသို့ဖြစ်ရာ သီလဝိသုဒ္ဓိသို့ ရောက်လိုသည့် ပုဂ္ဂိုလ်များအဖို့ ထိုဝိနယမဂ္ဂကို လျှောက်သွားရာ၌ မိမိတို့ ကြိုက်နှစ်သက်သလို ကျင့်သုံးမှုဖြင့် ကျင့်သုံးလျှောက်သွားကြသော သဘောတူ ဝါဒတူ (ပဋိပန္နက)ပုဂ္ဂိုလ်များ၏ အပေါင်းအစုအမည်ကို အမှီပြုကာ (ပရိယာယ-ဥပစာရ)ဝေါဟာရအရ ယခုခေတ်သုံးစကားဖြင့် သုဓမ္မာဝိနည်း ရွှေကျင်ဝိနည်း ဒွါရဝိနည်း စသည်ဖြင့် ခေါ်ဆိုနေကြပါသည်။ ယင်းသို့ မိမိတို့ဆိုင်ရာ အာစရိယပရမ္ပရတို့၏ဝါဒ အာစရိယဂ္ဂါဟများနှင့် လျော်ညီစွာ မိမိတို့ကျင့်စဉ်ဟူသော ပဋိပဇ္ဇိတဗ္ဗမဂ္ဂ လမ်းအမျိုးမျိုးတို့ဖြင့် လျှောက်သွားကြလျက်ရှိပါသည်။ ယင်းသို့ လျှောက်သွားကြရာ ၌ **"ငါကြိုက်သည့်လမ်းကသာ သွားရမည်၊ မင်းတို့ကြိုက်သည့်လမ်းက မသွားရ"**ဟု ဆိုပါက လောကနည်းလမ်းအရ သဘာဝကျမည် မဟုတ်ပါ။

ဥပမာ-ယခုခေတ်၌ နိဗ္ဗာန်ရောက်ရေးအတွက် ဝိပဿနာ လမ်းစဉ်သို့ လျှောက်သွားကြရာ၌ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လျှောက်သွားကြသလိုပင် ဖြစ်ပါသည်။

ဤသို့ဆိုပြီး စကားမြွက်များအရ သာသနာကိုလည်း သုဓမ္မာသာသနာ၊ ရွှေကျင်သာသနာ၊ ဒွါရသာသနာ စသည်ဖြင့် ခေတ်ဝေါဟာရဖြစ်ထွန်း လျက်ရှိသည့်အားလျော်စွာ အားလုံး ဆိုင်ရာ ကျင့်ထုံးကျင့်နည်းတို့ကို အသီးသီးအသိအမှတ်ပြုမှသာ **"သဗ္ဗသာဓာရဏသာသနိကဥပဒေ"** ဟု ခေါ်ဆိုနိုင်ခွင့်ရှိပါလိမ့်မည်။

ရွှေကျင်၊ ဒွါရဂိုဏ်းကြီးတို့၏ ကျင့်ထုံးနည်းအာစာရ ဝိနယမဂ္ဂမှာလည်း နိုင်ငံတော်အစိုးရနှင့်တကွအားလုံးတို့ လိုလားအပ်သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ အထောက်အကူဖြစ်ရေးအတွက် အနှောင့်အယှက်မဖြစ်ခြင်း၊ အခြားမိမိတို့နည်းမိမိတို့ဟန်ဖြင့် ဝိနယမဂ္ဂသို့ လျှောက်သွားနေကြသော သံဃာတော်များအတွက်လည်း မည်သည့်နည်းနှင့်မျှ အနှောက်အယှက် မဖြစ်ရုံမျှမက သမဂ္ဂဖြစ်ရေးကို အားပေးခြင်း စသောကောင်းကျိုးအဝဝ ကြွဖလတို့ကို ဖြစ်ပွားစေနိုင်သည် အမှန်ဖြစ်ရာ မော်ဘီမူ ပုဒ်မ -၅၀ အရ ဒီဃဒဿီတာဂုဏ်နှင့် ပြည့်စုံတော်မူကြသော အဘိဓဇမဟာရဋ္ဌဂုရု၊ ပခုက္ကူ မဟာဝိသုတာရာမတိုက်

ဆရာတော်ဘုရားကြီး စသည့်ဆရာတော် မဟာထေရ်ကြီးများ၏ ကျေးဇူးတော်ဂုဏ်တော်များကိုလည်း ပူဇော်ရာသို့ရောက်စေကာ ၎င်းကိုမပယ်မဖျက် ဆက်လက်ထားရှိတော်မူသင့်သည်ဟု ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်းဝင် ထေရ်,နဝ,မဇ္ဈိမတို့က ယူဆမှုရှိကြပါသည်ဘုရား။

## ရွှေကျင်ဆရာတော်များ

(၁) ပုံ -ဦးဇာဂရာနေယျဗုဒ္ဓိ (မန္တလေး)
(၂) ပုံ -ဦးအာနန္ဒပဏ္ဍိတ (ပြည်)
(၃) ပုံ -ဦးဝိမလ (ညောင်တုန်း)
(၄) ပုံ -ဦးဝိမလာဘိဝံသ (ညောင်ရွှေ)
(၅) ပုံ -အရှင်သုပညိန္ဒာဘိဝံသ (စစ်ကိုင်း)

## မဟာဒွါရဆရာတော်များ

(၁) ပုံ -ဦးခမာဝုဓ (ဟင်္သာတ)
(၂) ပုံ -ဦးဝိဇ္ဇောဒယာဘိဝံသ (ရန်ကုန်)

## မူလဒွါရဆရာတော်

(၁) ပုံ -ဦးမေဓာဘိဝရ (ပြည်)

ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်းဆရာတော်တို့က မော်ဘီမူပိုဒ် ၅၀ ကို ဆန့်ကျင်ရေးသားသော (က)အဖွဲ့ ငယ်၏ စည်းမျဉ်းကို ကန့်ကွက်လိုက်သောကြောင့် တပို့တွဲလပြည့်ကျော်(၉)ရက် (၉-၂-၈၀)နေ့မှစ၍ (၃)ရက်ပတ်လုံး အဖွဲ့ငယ်အစည်းအဝေး ရပ်ဆိုင်း သွားသည်၊ ဇမ္ဗူဒီပကျောင်းကြီးလည်း ဆိတ်ငြိမ်လျက် ရှိသည်။ (၃)ရက်ကြာမြောက် အချိန်ရောက်သော်လည်း ကန့်ကွက်ချက်နှင့်ပတ်သက်၍တစ်စုံတစ်ရာ အကြောင်း ပြန်ကြားချက်မရသဖြင့် ၁၃၄၁-ခု၊ တပို့တွဲလပြည့်ကျော် (၁၁)ရက် (၁၁-၂-၈၀)နေ့ ညနေ (၅)နာရီကျော် အချိန်တွင် ဝန်ကြီးဦးစိန်လွင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်တို့ကို ခေါ်၍ ပိုက်ကျုံးဆရာတော် အခန်း ၌ မော်ဘီမူ အပိုဒ် ၅၀-ကို ဆန့်ကျင်လျက် (က)အဖွဲ့ ငယ်က ရေးဆွဲသော စည်းမျဉ်းကို ရွှေကျင်ဂိုဏ်း၊ ဒွါရ ဂိုဏ်းတို့က လက်မခံ ကန့်ကွက်ကြောင်းကို ညောင်တုန်း ရွှေဟင်္သာဆရာတော်က မိန့်ကြားသည်။

ဤသို့မိန့်ကြားသောအခါ ဝန်ကြီး ဦးစိန်လွင်က- 'ဥပဒေဆိုတာ '(၁)အခြေခံစည်း မျဉ်း၊ (၂)လုပ်ထုံးလုပ်နည်း' ဟု ၂-မျိုးရှိရာ အခြေခံ စည်းမျဉ်း သာ လိုရင်းပမာန ဖြစ်ပါသည်၊ လုပ်ထုံးလုပ်နည်းမှာ

လိုရင်းပဓာန မဟုတ်ပါ၊ အဖွဲ့ငယ်က ရေးသား သော စည်းမျဉ်းသည် လုပ်ထုံးလုပ်နည်းမျိုးဖြစ်ပါသည်၊ ဥပဒေအရာ မကျွမ်းကျင်သောကြောင့် ဖြစ်တန်ရာပါသည်။ တပည့်တော်များလည်း သမ္မတကြီးက ဘုန်းကြီးတွေထဲ မင်းတို့ဝင် မရှုပ်ကြနှင့်ဟု အမိန့်ချထား၍ဘေးမှ ရပ်ကြည့်နေရခြင်းဖြစ်ပါသည် ဟု လျှောက်ထားသည်။

ဝန်ကြီးက ရှေ့သို့တစ်ဆင့်တက်၍ တပည့်တော်တို့ တပ်မတော်ကြီးသည် ရေတပ်၊ လေတပ်၊ ကြည်းတပ် ဟူသော တပ်အဖွဲ့အစည်းများကို ပေါင်းစုံဖွဲ့စည်းထားသော တပ်မတော်ကြီးဖြစ်ပါသည်။ ထိုတပ်မတော်ကြီးတွင်ပါဝင်သော တပ်အဖွဲ့အစည်းတို့သည် ကိုယ့်စည်းမျဉ်းနှင့်ကိုယ် ဆိုင်ရာကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ပိုင်နိုင်ခွင့် အပြည့်အဝရရှိကြပါသည်။ မည်သည့် အခွင့်အရေးကိုမျှ ဆုံးရှုံးနစ်နာခြင်း မဖြစ်စေရပါ၊ ထိုနည်းတူစွာ ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးအဖွဲ့ကြီးသည်လည်း ရှေးအထက်ထက်ကပင် မိမိတို့ အာစရိယဝါဒဖြင့် ဓမ္မဝိနယနှင့်အညီ တည်ရှိသောဂိုဏ်းစည်းမျဉ်းများကို ထိခိုက်နစ်နာခြင်း မရှိစေရပါ၊ တည်မြဲအတိုင်း တည်ရှိနိုင်ပါသည်။ စိုးရိမ်ကြောင့်ကြရန်မလိုပါ။

ဆရာတော်ဘုရားများ အထူးသတိပြုရန်မှာ ရှေးအထက်ထက်ကပင် မိမိတို့အာစရိယဝါဒဖြင့်

(ကိုယ့်နည်း ကိုယ့်ဟန်ဖြင့်) ဓမ္မဝိနယနှင့်အညီတည်ရှိနေသော ဂိုဏ်းအသီးသီးတို့ ဂိုဏ်းတစ်မျိုးတည်းဖြစ်အောင် ဘယ်နည်းနှင့်မျှ ပြုလုပ်၍ မဖြစ်နိုင်ပါ။ သက်ဦးဆံပိုင် အာဏာရှင် ဘုရင်မင်းတို့သည်ပင်လျှင် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ဓမ္မဝိနယနှင့်အညီ တည်ရှိနေသော ဂိုဏ်းအသီးသီးတို့ကို ဂိုဏ်းတစ်မျိုးတည်းအဖြစ်ရောက်အောင် မလုပ်ဆောင်နိုင်ခဲ့သော လုပ်ငန်းတာဝန်ကြီးကို တပည့်တော်တို့လို ငပါမွှား အညံ့စားပုဂ္ဂိုလ်တို့က အဘယ်မှာ လုပ်ဆောင်နိုင်ပါမည်နည်း၊ မလုပ်ဆောင်နိုင်ပါ၊ မလုပ်ရဲပါ။ ဆရာတော်ဘုရားများယုံကြည်စိတ်ချတော်မူပါ ဟု ပွင့်ပွင့်လင်းလင်း လျှောက်ထားသည်။

ဝန်ကြီးဦးစိန်လွင်သည် သတိ,ပညာ,သဒ္ဓါ ရှေ့သွား ဝီရိယစွမ်းပကားဖြင့် အပြောနှင့်အလုပ် ကိုက်ညီအောင် ဆောင်ရွက်လုပ်ကိုင်လိုသော သမ္မာဆန္ဒရှိသည့် ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ သီးခြားဂိုဏ်းများ အဆင့်အတန်းတူ ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိစေရန် အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၇) နှင့်အပိုဒ်(၁၀)တို့၌လည်းကောင်း၊ အခန်း(၃) အပိုဒ်(၁၅) (ခ)နှင့် အပိုဒ် (၁၆) (ခ)တို့၌လည်းကောင်း၊ အခန်း(၉) အပိုဒ်(၈၁)၌လည်းကောင်းအတိအလင်းရေးသား ဖော်ပြထားသည်။

၁၃၄၃-ခု၊ ကဆုန်လဆန်း ၁-ရက် (၄-၅-၈၁)နေ့ သံဃနာယက သင်တန်းဖွင့်ပွဲ၌လည်း သီးခြား ဂိုဏ်းစည်းမျဉ်း စည်းကမ်းရှိသော ဂိုဏ်းများမှာ မိမိတို့ ဂိုဏ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ ကိစ္စအဝဝကို ဆောင်ရွက်ခြင်းနှင့် အဓိက ဂိုဏ်းမှုခင်းများကို ဖြေရှင်း ဆုံးဖြတ်ခွင့်ရှိကြောင်းကို အခြေခံစည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများတွင် ဖေါ်ပြထားပြီးဖြစ်ပါသည်ဘုရား၊ မိမိ သက်ဆိုင်ရာဂိုဏ်း၏ ပြဿနာကိုသာ ဖြေရှင်းဆောင် ရွက်ရန်ဖြစ်၍ အခြားဂိုဏ်းကိစ္စကို ဝင်စွက်ဖက်ခြင်း မပြုမိအောင် ဂရုပြုရန်လိုပါသည်ဘုရား၊ မဆိုင် သည်ကို ဝင်ရောက်ဆောင်ရွက်ခြင်းမှာ ပြဿနာကို ကြီးထွားလာ စေနိုင်ပါသည်ဘုရား"ဟု ဝန်ကြီး ဦးစိန်လွင်က **"ခိုင်ရာ ကျားတဲ မြဲရာသံပတ်"** ဆိုသလို ခိုင်မာသည်ထက် ခိုင်မာအောင် ထပ်မံ၍ ဖွင့်ဆိုလျှောက်ထား ရှင်းပြသွား သည်။

ဤဆိုအပ်ပြီးသော သီးခြားဂိုဏ်းများ ရသင့် ရထိုက်သော အခွင့်အရေးများကို အခြေခံစည်းမျဉ်း၌ ထည့်သွင်းခွင့် ပြုထားခြင်း၊ ထိုထည့်သွင်း ခွင့်ပြုထား ချက်ကို ဝန်ကြီး ဦးစိန်လွင်က ထပ်မံဖွင့်ဆို လျှောက်ထား ခြင်းကြောင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် အစိုးရ (ပြည်ထဲရေးနှင့် သာသနာရေး

ဝန်ကြီး) သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ခေတ်၌လည်း နှစ်ပေါင်း -၁၂၀ကျော်က တည်ထောင်ခဲ့သော ရွှေကျင်ဂိုဏ်းကြီးသည် ဂိုဏ်းစည်းမျဉ်းကို ဆုပ်ကိုင်၍ ဂိုဏ်းသီးဂိုဏ်းခြား အဖြစ်ဖြင့်သာ ရှေးက အတိုင်း မြဲခိုင်ကြံ့ကြံ့ တည်တံ့လျက်ရှိပါသည်။

ယင်းကဲ့သို့ ဂိုဏ်းသီးဂိုဏ်းခြားအဖြစ်ဖြင့်သာ တည်တံ့ နိုင်လျက်ရှိခြင်းကို၊ သံဃာ့ဝန်ဆောင် ကိုယ်စားလှယ် ရွေးချယ်ခြင်း၊ သမ္မုတိရပုဂ္ဂိုလ် ရွေးချယ်ခြင်း၊ ဗဟိုဝန်ဆောင် ရွေးချယ်ခြင်းကိစ္စတို့၌ မဲဖြင့် ရွေးကောက်ခြင်း မပြုလုပ်ရပဲ ရွှေကျင်ဂိုဏ်းစည်းမျဉ်း ဥပဒေအရ အထက်မထေရ်ကြီးတို့၏ အလိုအတိုင်းသာ ရွေးကောက်တင်မြှောက်နိုင်သော အခွင့်အရေးရရှိနေခြင်း တို့က သက်သေခံနေကြောင်းကို ရဟန်းရှင်လူ သိသင့်သူများ ယုံမှားပျောက်ရှင်း သောတကင်းဝေး စိတ်ဓာတ် အေးကြစေရန် အမှန်ဖြစ်ထ သဘာဝကို ဖေါ်ပြလိုက်ရ ပေသတည်း။

ပိုက်ကျိုးဆရာတော်
ရွှေကျင်နိကာယ ဗဟိုဌာန
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊မန္တလေး
၁၃၄၄-ခု၊ ပထမဝါဆိုလဆန်း(၁၀)ရက်။(၈၂-ဇွန် ၃၀)

ပိုက်ကျိုးဆရာတော်

ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ

မဟာဝိသုဒ္ဓါရုံ မဟာနာယက

ရွှေကျင်နိကာယဥပဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု - သည်

သက်တော်(၉၀) ဝါတော်(၇၁)ဝါ အရ

တစ်ဘဝလွန်တော်မူ၍ ဤစာတမ်းကို

သက်တော်(၇၈)နှစ်၌ မှတ်တမ်းပြုခဲ့သဖြင့်

၁၃၇၂-ခုနှစ် ထုတ်ဝေသော

**ရွှေကျင်ဂိုဏ်း နှစ်(၁၅၀)မော်ကွန်းစာအုပ်** ၌ပါရှိခဲ့ရာမှ

**စုဒ္ဒသမ ရွှေကျင်သာသနာပိုင်**

**ဝါဆိုဆရာတော်ဘုရားကြီး၏** ဆန္ဒဖြင့်

တပည့်အများကဓမ္မဒါနအဖြစ်လက်ကမ်းဝေငှသည်။

၁၃၇၃-ခုနှစ်၊ တပို့တွဲလဆန်း(၈)ရက်။

(၃၁-၁-၂၀၁၂)အင်္ဂါနေ့။

၂၇၈၇၉

## မိမိကိုယ်ကို ဆင်ခြင်ပါ

သူတစ်ပါးလေ့ကို ဖာနိုင်လျက်

မိမိလေ့ကို မဖာနိုင်လျှင် ရေနစ်တတ်သည်။

တုံး၊ တံတားလျှောက်စဉ်

အရပ်တစ်ပါးကို မကြည့်နှင့်၊

ချောက်သို့ ကျလိမ့်မည်။

သံသရာတံတားလျှောက်စဉ်

သူတစ်ပါးအပြစ်ကို မကြည့်နှင့်

သံသရာချောက်သို့ ကျလိမ့်မည်။

(ပထမရွှေကျင်ဆရာတော်)

ဒီဇိုင်း-နဝရတ်ကိုတူး- -၀၉-၄၇၁၀၆၆၀၉၄